နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မြန်မာ့အာယုဗ္ဗေဒဆေးပညာရှင် ဘဒ္ဒန္တနာဂသေနာဘိဝံသမဟာထေရ် (သိမ်ဖြူဆရာတော်) သာသနာနှစ်၂၄၆၂၊ ကောဇာသက္ကရာဇ် ၁၂၈၀ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် (၅)ရက်၊ ခရဇ်နှစ်၊ ၁၉၁၈-ခုနှစ်၊ ဇူလိုင် ၂၇ ရက် စနေနေ့ည ၈နာရီအချိန်တွင် ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ မိကလုံရွာ အဖ-ဦးပန်၊ အမိ-ဒေါ်မယ်စိန်တို့မှ ဖွားမြင်သော တစ်ဦးတည်းသောသားဖြစ်ပါသည်။ စနေသားဖြစ်၍မောင်ထွန်းလင်းဟု မိဘနှစ်ပါးတို့က အမည်မှည့်ခေါ်ပါသည်။

တစ်နှစ်သားအရွယ်တွင် ဖခင်ကွယ်လွန်၍ မိခင်၏ပြုစုယုယမှုဖြင့် ကြီးပြင်းလာရသည်။ မိကလုံရွာ အရှေ့ကျောင်း စလင်းဆရာတော်ကြီးထံ အပ်နှံ၍ ပညာသင်ကြားစေပြီး အသက်(၁၄)နှစ်အရွယ်တွင် အဖိုးတော်စပ်သူ မြန်မာသမားတော်ကြီး ဦးလူအိုက ရှင်ပြုမင်္ဂလာပြု၍ သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်ကြီးမှ ရှင်နာဂိန္ဒဟု ဘွဲ့အမည်ပေးတော်မူပါသည်။ သာမဏေတစ်ဝါရပြီးနောက် နောင်တော်တစ်ဝမ်းကွဲတော်သူ မော်လမြိုင်မြို့ ရွှေမန်းဆရာတော် ဦးသုမန၏ အမိန့်အရ ကော့ကရိတ်မြို့ ကြာအင်းတောရကျောင်းသို့ပြောင်းရွှေ့သီတင်းသုံးပါသည်။ ခေတ္တသီတင်းသုံးနေထိုင်ပြီးနောက် မော်လမြိုင်မြို့၊ ညောင်ပင်ဆိပ် ဓမ္မာရာမကျောင်းတိုက်သို့ ရောက်ရှိသတင်းသုံးပါသည်။ ဓမ္မာရာမ ဆရာတော် ဦးခန္တီက ကိုရင်၏ဘွဲ့အမည်ကိုမေးပြီး ရှင်နာဂသေနဘွဲ့ အသစ်ပေးတော်မူပါသည်။ ထိုမှစ၍ အရှင်နာဂသေနဘွဲ့ အတည်ဖြစ်စေသည်။

ဓမ္မာရာမကျောင်းတိုက်တွင် ပရိယတ္တိစာပေများကို ကြိုးစားအားထုတ် သင်ယူခဲ့ပါသည်။ အစိုးရ ပထမပြန် စာမေးပွဲ၊ ပထမငယ်၊ ပထမလတ်တန်းစာမေးပွဲများ အောင်မြင်ခဲ့ပါသည်။ ဓမ္မာရာမကျောင်းတိုက် စာသင်နှစ်(၅)နှစ်ပြည့်၊ ရဟန်းပြုရန် အသက်ပြည့်နေပြီဖြစ်၍ သက္ကရာဇ် ၁၂၉၉-ခု တပေါင်းလဆန်း (၁၃)ရက်၊ ခရစ်နှစ် ၁၉၃၇ ခုနှစ်၊ မတ်လ(၁၃)ရက် တနင်္ဂနွေနေ့အချိန်တွင် ဓမ္မာရာမကျောင်းတိုက် ခဏ္ဍသိမ်တွင် အဂ္ဂမဟာပဏ္ဍိတဘုံပျံ ဆရာတော် ဦးကေတု၊ တောင်ပေါက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးစက္ကပါလ၊ ဓမ္မာရာမဆရာတော်ဦးခန္တီစသော မထေရ်ကြီးအစုံအညီဖြင့် အဂ္ဂမဟာပဏ္ဍိတ ဘုံပျံဆရာတော် ဦးကေတုကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

ရဟန်း(၂)ဝါအရတွင် စေတိယင်္ဂဏစာသင်တန်းနှင့် အစိုးရပထမကြီးတန်းကို ဝင်ရောက်ဖြေဆိုရာ တစ်နှစ်တည်းဖြင့် အောင်မြင်ခဲ့ပါသည်။ ရဟန်း (၄)ဝါအရတွင် ဓမ္မာစရိယစာချတန်းကို ဝင်ရောက် ဖြေဆိုတော်မူပြန်ပါသည်။

တစ်နှစ်တည်းဖြင့် (သုတ်သီလက္ခန်၊ ပါရာဇိကဏ်၊ အဋ္ဌသာလိနီအဋ္ဌကထာ) ကျမ်းရင်း (၃)ကျမ်းကို အမှတ်အများဆုံးဖြင့် အောင်မြင်ခဲ့ပါသည်။ စေတိယင်္ဂဏစာမေးပွဲဆုနှင်းသဘင်တွင် အရှင်နာဂသေန အား ဘွဲ့တံဆိပ်အလျှူဝတ္ထုများအပြင် သူဌေးကြီးဆာဦးသွင်လှူဒါန်းသော အဋ္ဌကထာ ပြန်အကျော် ဟုကမ္ပည်းထိုးသော ရွှေတံဆိပ်ဖြင့် ထူးထူးခြားခြားပူဇော်ခြင်းကို ခံရပါသည်။

ဆရာတော်အရှင် နာဂသေနာဘိဝံသသည် သာသနာ့ဝန်ထမ်းများ ၊သင်ရိုးသင်စဉ်ဖြစ်သော ပါဠိပိဋက စာပေများကို သာမဏေဘဝဖြင့် (၅-ဝါ)၊ ရဟန်းငယ်ဘဝဖြင့်(၄-ဝါ)၊ ပေါင်း(၉-ဝါ)၊ (၉)နှစ် သင်ယူ ခဲ့ပါသည်။

စစ်ကာလတွင်းဖြစ်၍(၃)နှစ်တိတိ စစ်ဘေးရှောင်နေရင်း သက္ကတ-ပါကတဘာသာများ သင်ယူလေ့လာ တက်မြောက်ခဲ့ပါသည်။ ၁၃ဝ၉ခုနှစ်၊ တန်ဆောင်မုန်းလပြည့် ကျော် (၉) ရက် (၉-၁၁-၄၇) ကြာပတေးနေ့တွင် မော်လမြိုင်မြို့မှ ရန်ကုန်မြို့၊သိမ်ဖြူကျောင်းတိုက်ကြီးသို့ ပြောင်းရွှေ့ သီတင်းသုံးပါသည်။ သီတင်းသုံးနေခိုက် ဆေးပညာဗဟုသုတများကို ပြည်တွင်း(၅)နှစ်၊ အိန္ဒိယနိုင်ငံ တွင်(၄)နှစ်၊ ပေါင်း (၉)နှစ်ကြာ ရှာဖွေစုဆောင်းဆည်းပူး တော်မူခဲ့ပါသည်။

၁၃၁၃ ခုနှစ် (၁၉၅၁) တွင် အိန္ဒိယနိုင်ငံသို့ ကြွရောက်၍ ဆေးပညာများကို သင်ယူဆည်းပူးပြီး ဆေးကျမ်း၊ ဓာတ်ကျမ်း၊ ကုထုံးကျမ်း၊ သစ်ပင်ဆိုင်ရာနိဃဏ္ဍုကျမ်း၊ စုစုပေါင်း ကျမ်းကြီး၊ ကျမ်းငယ် ၁၇၉ ကျမ်းတို့ကို ရှာဖွေစုဆောင်းယူငင်ပြီး ၁၃၁၈ ခုနှစ် ကဆုန်လ (၁၉၅၆ခုနှစ် မေလ)တွင်မြန်မာနိုင်ငံသို့ကြွရောက်တော်မူပါသည်။

ယူဆောင်ခဲ့သော ဆေးကျမ်းများ

၁။ ရောဂနိဒါန်းကျမ်းပေါင်း- ၁၉ ကျမ်း

၂။ ၎င်းကျမ်းငယ်ပေါင်း ၁၂ ကျမ်း

၃။ နိဃဏ္ဍု အဘိဓာန်ကျမ်းကြီးပေါင်း ၃၁ ကျမ်း

၄။ ၎င်းကျမ်းငယ်ပေါင်း ၂၃ ကျမ်း

၅။ ကုထုံးကျမ်းကြီးပေါင်း ၂၆ ကျမ်း

၆။ ၎င်းကျမ်းငယ်ပေါင်း ၂၇ ကျမ်း

၇။ ဓာတ်ကျမ်းကြီးပေါင်း ၂၇ ကျမ်း

၈။ အထွေထွေဆေးကျမ်းငယ်ပေါင်း ၁၄ ကျမ်း

စုစုပေါင်း ၁၇၉ ကျမ်း

၁၃၁၈-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက် (၂၆-၁၁-၁၉၅၆) တနင်္လာနေ့တွင် သိမ်ဖြူကျောင်း တိုက် သို့ ရောက်ရှိပြီးယုံကြည် ချက်(၅)ရပ်ဖြင့်- ဆေးပညာကို စတင်တည်ထောင်ခဲ့ပါသည်။

၎င်းတို့မှာ ၁။ အာယုဗ္ဗေဒဆေးပညာသည်ဆေးပညာအားလုံး၏မိခင်ဆေးပညာဖြစ်သည်။

၂။ အာယုဗ္ဗေဒဆေးပညာသည် ကမ္ဘာ့သမိုင်းဝင် ဆေးပညာဖြစ်သည်။

၃။ ကမ္ဘာ့ဆေးပညာရပ်များနှင့် အံဝင်ဂွင်ကျဖြစ်သော ဆေးပညာသည်အာယုဗ္ဗေဒဆေးပညာသာ ဖြစ်

သည်။

၄။ မြန်မာ့သမိုင်းအဆက်ဆက် ရဟန်းရှင်လူတို့ အသုံးပြုခဲ့သော ဆေးပညာသည် ဗိန္ဒောအတတ် အာယုဗ္ဗေဒဆေးပညာရပ်သာ ဖြစ်သည်။

၅။ ထိုပညာရပ်တို့ကို ဆက်လက်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်သွားရန်စသည့်တိုဖြစ်ပါသည်။

ဤယုံကြည်ချက်(၅)ရပ်ကို သမိုင်းပေးတာဝန်အဖြစ် ခံယူ၍ ကျေပွန်စွာဆောင်ရွက်သွားရန်ဖြစ်ပါသည်။